မြိုင်ကျေးရွာ
ရွာငံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မြိုင်ကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၁ခုနှစ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	ကျေးရွာသယံဇာတပြန်လည်ပုံ/ရာသီခွင်ပြ ပြက္ခဒိန်	
၁	တည်နေရာနှင့် ပထဝီဝင်အနေအထား	
၂	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	
၃	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)ငါးလုပ်ငန်း	
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူကပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	
၆	ပညာရေး	
၇	ကျန်းမာရေး	
၈	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	
၁၀	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ဘဏ္ဍာရေးနှစ် မှ ၂၀၂၄/၂၅ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ် မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက် များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင် အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏

ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

သြဂုတ်လ၊ ၂၀၂၁ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မြိုင်ကျေးရွာ
ရွာင်မြို့နယ်


ကျေးရွာနှင့် သယ်ဇာတပြမြေပုံ၊ မြို့ငယ်ကျေးရွာအုပ်စု၊ မြို့ငယ်ကျေးရွာ၊ ရွာငံမြို့နယ်



ရက်စွဲ · 30.11.2021　　ရာသီဥတုပြ ပြက္ခဒိန်　　[illegible]

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]					
[illegible]	နည်း	များ	များ	များ	များ	များ	များ	များ	သင့်	သင့်	နည်း	နည်း
[illegible]	နည်း	သင့်	သင့်	များ	များ	များ	များ	သင့်	သင့်	သင့်	နည်း	နည်း
[illegible]	များ	များ	များ	များ	သင့်	သင့်	များ	များ	သင့်	သင့်	များ	များ
[illegible]	နည်း	များ	များ	များ	များ	သင့်	သင့်	သင့်	များ	များ	သင့်	သင့်
ဝမ်း၊ အအေး ဖျားနာမှု	နည်း	နည်း	နည်း	သင့်	သင့်	သင့်	သင့်	များ	များ	များ	သင့်	သင့်
[illegible]	နည်း	နည်း	နည်း	များ	များ	များ	များ	များ	များ	များ	နည်း	နည်း
[illegible]	နည်း	နည်း	နည်း	များ	များ	များ	များ	များ	သင့်	သင့်	နည်း	နည်း
[illegible]	နည်း	များ	များ	သင့်	နည်း	နည်း	သင့်	နည်း	နည်း	နည်း	နည်း	များ
[illegible]	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	များ	များ	နည်း	နည်း	နည်း
[illegible]	သင့်	များ	များ	များ	များ	များ	များ	များ	များ	နည်း	နည်း	နည်း
[illegible]	များ	သင့်	နည်း	နည်း	နည်း	နည်း	များ	များ	နည်း	နည်း	များ	များ
[illegible]	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	နည်း	နည်း	နည်း	နည်း	နည်း

ဗိုင်းကျေးရွာအုပ်စု - ဗိုင်းကျေးရွာ ရွာတွင်း ရွာပြင် ဖွဲ့စည်းမှု ဆက်သွယ်မှုပုံစံ ရက်စွဲ · 30.11.2021



၁။ တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

မြိုင်ကျေးရွာသည် ရွာငံမြို့နယ် မြိုင်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် တည်ရှိသောကျေးရွာဖြစ်ပါသည်။ မြိုင်ကျေးရွာသည် ရွာငံမြို့နှင့် အောင်ပန်းမြို့သွားသောလမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရေးလွယ်ကူသည်။ ကျေးရွာတည်ရှိရာသည် ကုန်းမြင့်မြေပြင်ဖြစ်ပါသည်။ ကျေးရွာအနီးတွင် အခြားကျေးရွာများနှင့် ဆက်စပ်လျှက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာစည် သစ်တောများ အသင့်အတင့်ကောင်းနေသဖြင့် ရာသီဥတု ပုံမှန်အနေ အထားရှိပါသည်။ သို့သော် ယခင်နှင့်နှိုင်းစာလျှင် သစ်တောများပြုန်းတီးလာသည်ကို တွေ့ရပါသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ရွာပတ်ဝန်းကျင်တွင် ကျောက်၊သဲများထွက်ရှိပါသည်။ သဲ၊ ကျောက်ထုတ်ယူသုံးစွဲမှု များပြားလာသဖြင့် အရည်အသွေး ကောင်း သဲ၊ ကျောက်များ ရှားပါးလာသည်။ သစ်တောပြုန်းတီးမှုကြောင့် ထင်းများရှားပါးလာပြီး ကျွဲ၊ နွား စားကျက် များရှားပါး လာသည်။ သဘာဝဆေးဖက်ဝင်အပင်မျိုးစိပ်များ မရှိသလောက် နည်းပါးလာပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

မြိုင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၃၀) စုနှင့် ကျား(၈၉၀) မ(၉၅၇) လူဦးရေ စုစုပေါင်း (၁၈၄၇) ယောက်ရှိပါသည်။ကျေးရွာတွင် ဓနုလူမျိုးများ အများဆုံးနေထိုင်ကြပြီး အခြား တိုင်းရင်းသား အနည်းငယ်လည်းရှိပါသည်။အမျိုးသားနှင့် အမျိုးသမီးဦးရေ ကွာခြားမှုများစွာမရှိပါ။ ကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးရေးအတွက် သာရေးနာရေးအဖွဲ့နှင့် အခြားလူမှုရေးအဖွဲ့အစည်းများ ကျန်းမာရေး၊ ပညာရေး၊ သာသနာရေးအဖွဲ့များစွာရှိပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်း ပါဝင်မှုရှိသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သော Pact Myanmar အဖွဲ့ ရှိပြီးကျေးရွာသူ/သားများ၏ ငွေကြေးဘဏ္ဍာအတွက် လိုအပ်သောချေးငွေများကို ထုတ်ချေး နိုင်ပါသည်။ အခြားပြင်ပအဖွဲ့အစည်းများ ဝင်ရောက်ခြင်းမရှိဘဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အခြား သောပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်လိုအပ်နေသေးသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

မြိုင်ကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ(၃၅၆.၃၉)ဧက နှင့် မြေလွတ် မြေရိုင်း (၂၈.၀၀)စုစုပေါင်း(၃၈၄.၃၉) ဧကရှိပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၁၂၀)စု၊ ၂.၅ဧက အောက် အိမ်ထောင်စု (၂၄၂)စု (၂.၅-၅)ဧကကြား တောင်သူငယ် အိမ်ထောင်စု(၂၄)စု ၊ (၅-၁၂.၅)ဧကအကြားရှိ အိမ်ထောင်စု (၂၂)စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး အိမ်ထောင်စု(၁၂)စု စသည်တို့ရှိကြပြီး အဓိက စပါးကို စိုက်ပျိုးကြပါသည်။ အချို့သော အိမ်ထောင်စုများမှာ ခရမ်းချဉ်၊ မုံညှင်း ကိုလည်း စိုက်ပျိုး ကြပါသည်။ မြေယာ၊ ပဲနှင့် ဆင်းရဲသော အိမ်ထောင်စုများမှာ နေ့စားလိုက်ခြင်းကြောင့် ကျပန်း အလုပ်များကို လုပ်ကိုင်ကြပါသည်။

စီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိပြီး လက်လုပ်လက်စား အိမ်ထောင်စု များပါသည်။ ရာသီသီးနှံစိုက်ပျိုးကြသော်လည်း စီးပွားရေးအဆင်ပြေမှုမှာ ကုန်ဈေးအနေအထားအရ

အဆင်ပြေမှုနည်းပါးသည်။ ကျေးရွာပတ်ဝန်းကျင်တွင် စိုက်ပျိုး၍ မရနိုင်သော သဲ၊ ကျောက်မြေများစွာ ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေအနည်းငယ်သာရှိပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ စပါး၊ ခရမ်းချဉ်၊ မုံညင်း၊ပန်းမုံလာ ကို မိုးရာသီတွင် စိုက်ပျိုးပြီး ဆီမုံညင်း၊နှမ်းကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြသော်လည်း မိသားစုစားရန်အတွက်သာ ရရှိပါသည်။ လယ်ယာသုံးပစ္စည်းများအနေဖြင့် လယ်ထွန်စက်(၂)စီး၊လက်တွန်းထွန်စက်(၅)စီး ရှိပါသည်။အချို့တောင်သူများသည် စိုက်ပျိုးရေးရာသီ ရောက်လျှင် ထွန်စက်ကိုအခြားဒေသနှင့် ကျေးရွာတွင် စက်ပိုင်သူထံငှား၍ ထွန်ထယ် စိုက်ပျိုးကြပါသည်။

စိုက်ပျိုးရေးသုံး မြေဩဇာ၊ ပိုးသတ်ဆေးကို ကျေးရွာတွင်း စျေးဆိုင်နှင့် အောင်ပန်းမြို့တွင် အလွယ်တကူဝယ်ယူကြပါသည်။ ကျေးရွာထွက်သီးနှံများကို ရွာတွင်းအဝယ်ဒိုင်တွင် ရောင်းဝယ်ကြပါသည်။ ကျေးရွာသားများသည် မြေဆီလွှာပြုပြင်ထိန်းသိမ်းမှုအားနည်းမှုရှိနေသည်ကို တွေ့ရှိရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

မြို့ငြိကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု(၁၀၅)စုရှိပြီး နွားကောင်ရေ (၂၂၁)ကောင် ကျွဲမွေးမြူသော အိမ်ထောင်စု(၂၅)ဦးရှိပြီး ကျွဲကောင်ရေ(၉၀)ကောင်၊ဝက်မွေးမြူသော အိမ်ထောင်စု(၂၁၀)စုရှိပြီး ဝက်ကောင်ရေ(၂၃၆)ကောင် ရှိပါသည်။ မွေးမြူရေးလုပ်ငန်းကို အိမ်ထောင်စုအတော်များများ မွေးကြပါသည်။ကျွဲ၊နွားများကို စိုက်ပျိုးရေးလုပ်ငန်းအတွက်သုံးရန်မွေးကြပါသည်။

ကျေးရွာတွင် စားကျက်မြေ နည်းပါးခြင်းကြောင့် မွေးမြူရေးတိုးချဲ့လုပ်ကိုင်ရန် အခက်အခဲရှိပါသည်။ အိမ်ထောင်စုအများစုမှာ ဝက်ကိုတနိုင်တပိုင်မွေးကြပါသည်။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်အခြားဝင်ငွေရသော အသေးစားအိမ်တွင်းမှု တနိုင်တပိုင်လုပ်သော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။နေ့စားလိုက်သော အိမ်ထောင်စုများ ရှိပါသည်ကျေးရွာအတွင်းနှင့် ရွာအနီးတဝိုက် ကျေးရွာများတွင် ကုန်ကြမ်းသီးနှံများရှိသော်လည်း ကုန်ချောအဆင့်ထုတ်ရန် နည်းပညာ လေ့လာမှုမရှိကြခြင်း၊ စျေးကွက်ချိတ်ဆက်နိုင်မှု အားနည်းခြင်းတို့ကြောင့် ပြင်ပဝင်ငွေရလုပ်ငန်းမလုပ်နိုင်ကြပါ။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်Pact Myanmar ငွေချေးအဖွဲ့၊စိုက်/ဘဏ်၊ သ/မချေးငွေ၊အခြားချေးငွေအဖွဲ့များ ထံမှ ချေးငွေများ ရယူကြပါသည်။ ဆွေမျိုးသားချင်းများထံမှလည်းငွေချေးယူကြပါသည်။ ပွဲစားထံမှ သီးနှံကြိုငွေထုတ်ယူမှု ရှိကြပါသည်။အခြားငွေချေးသူထံမှလည်း အတိုးနှုန်းမြင့်သော်လည်း ငွေချေးယူ၍ မိသားစုကိစ္စများကို ဖြေရှင်းကြပါသည်။ မိသားစု ပညာရေး၊ကျန်းမာရေး ဝင်ငွေရလုပ်ငန်းလုပ်ရာတွင် သုံးကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာသည် သယ်ယူပို့ဆောင်ရေးနှင့် သွား လာရေးအတွက် ဆိုင်ကယ်၊ကား၊ ထော်လာကျီ နွားလှည်းများကို အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာသည် ရွာငံ- အောင်ပန်း ကားလမ်းမပေါ်တွင် ရှိသော သွားလာရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေကြပါသည်။ အချို့ အိမ်ထောင်စု များသည် ကိုယ်ပိုင်ယာဉ်မရှိသောကြောင့် သယ်ယူခြင်းနှင့် သွားလာရေးတွင် အခြားပိုင် ဆိုင်သူများထံမှ ငှားရပါသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ခြင်း၊ ကျေးရွာရှိစျေးသည် (၅)ရက် တစ်စျေး ဖြစ်၍ ကျေးရွာအနီးတဝိုက်ရှိ ကျေးရွာများမှ မြို့စျေးသို့ လာဝယ်ကြခြင်း၊ စျေးသည်ကားလမ်းပေါ်တွင် တည်ရှိသောကြောင့် မြို့စျေးနေ့များတွင် ယာဉ်အန္တရာယ်များခြင်းတို့ကြောင့် စျေးရှောင်လမ်းရှိလျှင် အဆင်ပြေပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲသော အိမ်ထောင်စု(၄၁၀)စု ၊ဆိုလာမီးသုံးစွဲသော အိမ်ထောင်စု(၁၀)စု ၊မီးအသုံးမပြုနိုင်သော အိမ်ထောင်စု(၁၀)စု ရှိပါသည်။လျှပ်စစ်သုံးစွဲနိုင်သော အိမ်ထောင်စုအတွက် ချက်ပြုတ်ရေးအဆင်ပြေသော်လည်း မဟာဓါတ်အားလိုင်းနှင့် ဝေးကွာသော ကြောင့် အိမ်ထောင်စု ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများ ထင်းကို အဓိက အသုံးပြုကြ ပါသည်။ ထင်းအသုံးပြုသူများလည်း ရှိနေသောကြောင့် သစ်တောပြုန်းတီးမှုများ ရှိနေပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၉၅၀)လုံး၊ ရေဒီယို(၅)လုံး၊တီဗွီ(၂၅၀)လုံး ရှိပါသည်။ ဖုန်းလိုင်းရရှိသည့်တွက် သတင်းနှင့်ဆက်သွယ်ရေး အဆင် ပြေပါသည်။

၆။ ပညာရေး

ကျေးရွာတွင် အထက်တန်းကျောင်းရှိပါသည်။ ကျေးရွာတွင် စာမတတ်သူ မရှိသလောက် နည်းပါးပါသည်။ ကျောင်းအဆောက်အဦများ လုံလောက်မှုရှိပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပါသည်။ ကျန်းမာရေးအတွက် ဆေးရုံရှိ၍ အဆင်ပြေပါ သည်။ ဆေးရုံမှ မနိုင်သော ရောဂါပြင်းထန်သူများကိုသာ အခြားမြို့ဆေးရုံကြီးများသို့ လွှဲပြောင်းမှုရှိပါသည်။ မြို့ကျေးရွာ တွင် ယင်လုံအိမ်သာကို တစ်ရွာလုံးသုံးစွဲကြပါသည်။ အိမ်ထောင်စုတိုင်း အိမ်သာများ ရှိကြ ပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြီးကြီးမားမား ထိခိုက်မှုမရှိပါ။ လွန်ခဲ့သော (၂၀၁၆) ခုနှစ်မှာ မိုးသီးကျကာရှိခဲ့ပါသည်။သဘာဝဘေးအန္တရာယ် နည်းပါးသောကြောင့် ကြိုတင် ကာကွယ် ရမည့် အသိပညာနည်းပါးကြပါသည်။

အမှိုက်များကို စနစ်တကျ စွန့်ပစ်မှုနည်းပါးခြင်း၊သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရမည့် နည်းပညာများပေးရန် လိုအပ်နေပါသေးသည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသား၊အမျိုးသမီး ဦးရေကွာခြားမှုမရှိပါ။ ကျေးရွာ အဖွဲ့အစည်းများ တွင် အမျိုးသမီးများ ပါဝင်ဖွဲ့စည်းထားသော်လည်း အမျိုးသမီးများမှာ မိမိကိုယ်ကို ယုံကြည်မှုနည်းပါးကြသည်။ ကျေးရွာတွင် သာရေး၊နာရေးကိစ္စများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှုရှိပါသည်။

၁၀။ မြို့ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်- မြို့ကျေးရွာအုပ်စု ကျေးရွာအမည်-မြို့ကျေးရွာ

စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့် လုပ်ငန်းစဉ်များ	မှတ် ချက်
၁။	ရေမလုံလောက်ခြင်း	ရေအမြင်တင်ခြင်း	ရေအမြင့်တင်ခြင်း လုပ်ငန်း(၂-၅)မိုင်	
၂။	စာသင်ကျောင်း လုံခြုံမှုမရှိခြင်း	ကျောင်းအုတ်တံတိုင်းကာရံခြင်း	ကျောင်းဝင်းအုတ်တံတိုင်းကာရံခြင်း (၂၅၀၀-ပေ)	
၃။	ဈေးဆိုင်ခန်းများခိုင်ခံ့မှုမရှိခြင်း	ဈေးဆိုင်ခန်းများ ပြုပြင်ခြင်းလုပ်ငန်း	ဈေးဆိုင်ခန်းများ ခိုင်ခန့်စေရန် တည်ဆောက်ခြင်း	
၄။	မူကြိုကျောင်း မရှိခြင်း	မူကြိုအဆောက်အဦ တည်ဆောက်ခြင်း	မူကြိုကျောင်း (၄၀'×၃၀'×၁၂')	

မြို့ငြိမ်းရွာ ကော်မတီဝင်များစာရင်း

စဉ်	အမည်	ရာထူး	မှတ်ပုံတင်အမှတ်	အသက် (နှစ်)	ဖုန်းနံပါတ်	မှတ်ချက်
၁။	ဦးကျော်မင်း	ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၀၀၇၀၆	၄၇	၀၉-၇၉၀၁၈၉၀၂၂	
၂။	ဒေါ်မြင့်မြင့်ဌေး	အတွင်းရေးမှူး	၁၃/ရငန(နိုင်)၀၁၉၄၃၈	၄၅	၀၉-၂၅၀၇၈၄၃၇၈	
၃။	ဦးမျိုးမြင့်အောင်	ဝယ်/ဆပ်ကော်မတီ ဥက္ကဋ္ဌ	၁၃/ရငန(နိုင်)၀၃၀၃၀၄	၄၀	၀၉-၇၈၈၀၅၀၁၈၈	
၄။	ဦးဝင်းနိုင်ဦး	ဝယ်/ဆပ်ကော်မတီ ဘဏ္ဍာရေးမှူး	၁၃/ရငန(နိုင်)၀၀၀၆၀၃	၄၂	၀၉-၂၅၀၇၈၄၉၇၈	
၅။	ဒေါ်ခင်သန်းနုအောင်	ဝယ်/ဆပ်ကော်မတီ စာရင်းကိုင်	၁၃/ရငန(နိုင်)၀၀၀၆၀၆	၄၈	၀၉-၄၂၈၃၇၅၀၅	
၆။	ဦးသစ်ဆန်း	အဖွဲ့ဝင်	၁၂/ပတထ(နိုင်)၀၂၈၉၂၈	၅၁	၀၉-၇၉၅၅၅၀၉၃၃	
၇။	ဒေါ်နီနီလွင်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၃၁၃၂၅	၃၆	၀၉-၇၆၀၂၉၆၃၄၆	
၈။	ဦးဌေးတင်	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၅၇၈၅	၅၁	၀၉-၇၅၃၁၁၇၈၄၃	
၉။	ဦးချစ်ဆွေ	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၀၀၇၁၄	၄၄	၀၉-၇၈၈၄၀၈၄၂၃	
၁၀။	ဦးဘသင်း	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၅၅၇၅	၆၃	၀၉-၇၈၄၈၂၃၁၉	
၁၁။	ဦးသိန်းရွှေ	အဖွဲ့ဝင်	၁၃/ရငန(နိုင်)၀၁၅၆၁၃	၄၉	၀၉-၇၇၁၆၅၉၆၅၇	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(မြို့ငြိကျေးရွာ)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ရေထွက်ရေအား နည်းခြင်း ရေမလုံလောက်ခြင်း	သဘာဝသစ်တောပြုန်းတီးမှု	သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း မည့် နည်းပညာ		မြို့နယ်သစ်တောဦးစီးဌာန အကြံဉာဏ်ယူပြီးဆောင်ရွက်ပါမည်။	ရေအမြင့် တင်ခြင်း လုပ်ငန်း
၂။	စာသင်ကျောင်းခြံစည်းရိုးလုံခြုံမှုမရှိခြင်း	ကျေးရွာမှ ရွာသူ/သား ဝင်ငွေနည်းပါး ခြင်း	လူထုလုပ်အားပူးပေါင်း ပါဝင်နိုင်သော် လည်း ငွေလိုအပ်ခြင်း	ငွေကြေး အားနည်းခြင်း	မြို့နယ်ပညာရေးဦးစီးဌာနမှ အကြံဉာဏ်ယူပြီး ဆောင်ရွက်ပါမည်	ကျောင်းအုတ်တံတိုင်း ကာရန်ခြင်း
၃။	စျေးနှင့် စျေးဆိုင်ခန်းများ ခိုင်ခံ့မှုမရှိခြင်း	ဝါးအဆောက်အဦများ ဖြစ်နေခြင်း	သန့်ရှင်းသပ်ရပ်သော စျေးဖြစ်ရန်ရွာသူ/သားများ လိုလားခြင်း	ငွေကြေးထည့်ဝင်နိုင်မှုအားနည်းခြင်း	မြို့နယ်စည်ပင်ဦးစီးဌာန မှ အကြံဉာဏ်ယူပြီး ဆောင်ရွက်ပါမည်	စျေးဆိုင်ခန်းများ ပြုပြင်ခြင်းလုပ်ငန်း
၄။	မူကြိုအရွယ်ကလေးများကို လုပ်ငန်းခွင်သို့ခေါ်ဆောင်သွားရခြင်း	မူကြိုကျောင်းမရှိခြင်း	မူကြိုအဆောက်အဦအတွက် မြေနေရာရှိခြင်း	ငွေကြေးထည့်ဝင်နိုင်မှု အားနည်းခြင်း	လူမှုဝန်ထမ်းဦးစီးဌာန မှ အကြံဉာဏ်ယူပြီး ဆောင်ရွက်ပါမည်	မူကြိုအဆောက်အဦ ရရှိရန်/တည်ဆောက်ရန် လိုအပ်ခြင်း

နောက်ဆက်တွဲ(၄)

မြို့ကျေးရွာနှင့် နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁။	ကျေးရွာရေအမြင့်တင်ခြင်းလုပ်ငန်း	၁	၂	၂	၂	၂	
၂။	ကျောင်းဝန်းအုတ်တံတိုင်းကာရံခြင်းလုပ်ငန်း	၂		၂	၂	၂	၂
၃။	စျေးဆိုင်ခန်းများပြုပြင်ခြင်းလုပ်ငန်း	၃		၂	၂	၂	၂
၄။	မူကြိုအဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်း	၄				၂	၂